

# ဒေါက်တာဝင်းအောင် ၏ ကိုယ်ရေးအကျဉ်း

အဘ ဦးဘိုကျော်၊ အမိ ဒေါ်ညိမ်း တို့မှ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး မွေးချင်း(၃)ဦး အနက် ဒုတိယမြောက် ဖြစ်ပါသည်။ ၁၉၇၃ ခုနှစ်တွင် အခြေခံပညာအထက်တန်း စာမေးပွဲကို ရန်ကုန်မြို့၊ မြို့မအမျိုးသား အထက်တန်းကျောင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့သဖြင့် နိုင်ငံတော်အစိုးရမှ ချီးမြှင့်သော နိုင်ငံတော်ပညာသင်ဆု (State Scholarship) ရရှိခဲ့ပါသည်။ ၁၉၈၁ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ဆေးပညာဘွဲ့ (MBBS) ကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ဆေးပညာ မဟာသိပ္ပံဘွဲ့ M.Med.Sc(Biochemistry) ဘွဲ့လွန်ဒီဂရီအား(CREDIT) ဖြင့်လည်းကောင်း၊ ရရှိခဲ့ပါသည်။ ထို့အပြင် ဩစတြေးလျနိုင်ငံ Australasian College of Tropical Medicine မှ ချီးမြှင့်သော ဆေးပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ (FACTM) ကို ၁၉၉၇ ခုနှစ်တွင် လည်းကောင်း၊ အင်္ဂလန်နိုင်ငံ Royal College of Physicians and Surgeons of Glasgow မှ ချီးမြှင့်သော တော်ဝင်ဂုဏ်ထူးဆောင်ဘွဲ့ (FRCP) ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ လက်ခံ ရရှိခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် ၁၉၈၅ မှ ၁၉၈၈ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် ပြည်သူ့ စစ်မှုထမ်း ဆေးမှူး(ဗိုလ်အဆင့်)ဖြင့် လည်းကောင်း၊ ၁၉၈၈ မှ ၁၉၉၀ ခုနှစ်အထိ ကျန်းမာရေး ဝန်ကြီးဌာန၊ ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့တွင် လက်ထောက်ဆရာဝန် အဖြစ်လည်းကောင်း၊ ၁၉၉၀ မှ ၂၀၁၆ ခုနှစ်အထိ ဆေးသုတေသနဦးစီးဌာနတွင် သုတေသီတစ်ဦးအနေဖြင့် သုတေသနအရာ ရှိ ရာထူးမှသည် ဒုတိယညွှန်ကြားရေးမှူးချုပ်(သုတေသန) ရာထူးအထိ အဆင့်ဆင့် တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် သက်ပြည့်အငြိမ်းစား ရယူခံစားခဲ့ပြီး အထက်ပါဦးစီး ဌာနတွင် အကြံပေးပုဂ္ဂိုလ်/ ပညာရှင်အဖြစ် ၂၀၁၇ ခုနှစ်၊ ဇက်တင်ဘာလအထိ ဆက်လက်၍ တာဝန်ထမ်း ဆောင် ခဲ့ပါသည်၊ သုတေသီဘဝ (၂၇)နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံတွင် မျိုးဗီဇနည်းပညာကို အသုံးပြု ထုတ်လုပ်သော အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေး (Recombinant Hepatitis B Vaccine) ကို အောင်မြင်စွာ ထုတ်လုပ်ခဲ့သော အဖွဲ့တွင် ဦးဆောင်အဖွဲ့ဝင် တစ်ဦးအဖြစ် ပါဝင်ခဲ့သဖြင့် နိုင်ငံတော်အစိုးရမှ ဂုဏ်ပြုချီးမြှင့်သည့် " ဆေးပညာထူးချွန်တံဆိပ်" ကို ၂၀၀၈ ခုနှစ် တွင် လက်ခံရရှိခဲ့ပါသည်။ ဆေးသုတေသန ဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) အတွက် ၂၀၁၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချီးမြှင့်သော "ရတနာပုံ သုတေသနဆိုင်ရာ ဂုဏ်ထူးဆောင်ဆု" ကို ရရှိအောင်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ကျန်းမာရေးနှင့် ဆေးပညာရပ်ဆိုင်ရာ သုတေသန စာတမ်းပေါင်း (၇၀) ခန့်ကို ပြည်တွင်းနှင့် နိုင်ငံတကာမှ ဆေးပညာဂျာနယ်များတွင် ပုံနှိပ်ဖော်ပြ နိုင်ခဲ့ပါသည်။

လက်ရှိအချိန်တွင် ဒေါက်တာဝင်းအောင်သည် ဆေးသုတေသနဦးစီးဌာန၏ သုတေသန ကျင့်ဝတ် နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်ရေးဘုတ် (IRB) အဖွဲ့ဝင်နှင့် MHSR ဂျာနယ်တွင် အယ်ဒီတာအဖြစ် လည်းကောင်း၊ ဆေးတက္ကသိုလ်၊ ဇီဝဓာတုဗေဒ ဘွဲ့လွန်ဆေးပညာသင်တန်း စာမေးပွဲ ဆိုင်ရာ ကျမ်းကြီး၊ ကျမ်းငယ် အကဲဖြတ်အဖွဲ့တွင် ပြင်ပ စာစစ်အဖွဲ့ဝင် တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာအသည်းဖောင်ဒေးရှင်း အဖွဲ့အစည်းတွင် အမှုဆောင်ဒါရိုက်တာအဖြစ် လည်းကောင်း၊ တာဝန် ထမ်းဆောင်လျှက် ရှိပါသည်။

ဒေါက်တာဝင်းအောင်တွင် ဇနီး ဒေါက်တာခင်မိမိတင်နှင့် သားသမီးနှစ်ဦးရှိပြီး ရန်ကုန်မြို့တွင် နေထိုင်လျှက် ရှိပါသည်။

# မာတိကာ


၁။ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ ၁

၂။ မြန်မာနိုင်ငံနှင့် အသည်းရောင်အသားဝါ ဒီ ရောဂါ ၁၁

၃။ အသည်းကင်ဆာရောဂါနှင့် ကာကွယ်ဆေး ၁၉

၄။ အသည်းရောဂါကင်းဝေးရန်၊ လူတိုင်း ဘီပိုး စီပိုး စစ်ဆေးပါ ၂၇

၅။ အသည်းရောင်ရောဂါ ကင်းစင်ရေးနှင့် ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့၏ အခန်းကဏ္ဍ ၃၅

၆။ အသည်းကျန်းမာရေးအတွက် အစာအာဟာရနှင့် နေထိုင်မှု အလေ့အထ ၄၅

၇။ မွေးကင်းစကလေးငယ်တိုင်း ဘီပိုးကာကွယ်ဆေး ထိုးနှံမှုခံယူပါ ၅၃

၈။ စီပိုးရှိလူနာ ကုသမှု သုတေသနစာတမ်း ၆၃